ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးဝါးတက္ကသိုလ်၊ မန္တလေး
မန္တလေးမြို့

ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၃ ရက်

၂၀၂၃ - ပညာသင်နှစ်

ဆေးဝါးမဟာသိပ္ပံသင်တန်းများအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၃-ပညာသင်နှစ်အတွက် ဆေးဝါးတက္ကသိုလ်၊ မန္တလေးဌာ ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ဆေးဝါးမဟာသိပ္ပံသင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

ဆေးဝါးမဟာသိပ္ပံသင်တန်းများ

စဉ်	**သင်တန်းအမည်**	**သင်တန်းကာလ**
(က)	ဆေးဝါးမဟာသိပ္ပံဘွဲ့(ပရဆေးဗေဒ) M.Pharm (Pharmacognosy)	(၂)နှစ်
(ခ)	ဆေးဝါးမဟာသိပ္ပံဘွဲ့(ဆေးဝါးဖော်စပ်ရေးဗေဒ) M.Pharm (Pharmaceutics)	(၂)နှစ်
(ဂ)	ဆေးဝါးမဟာသိပ္ပံဘွဲ့(ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒ) M.Pharm (Pharmaceutical Chemistry)	(၂)နှစ်
(ဃ)	ဆေးဝါးမဟာသိပ္ပံဘွဲ့(ဆေးလက်တွေ့ဆေးဝါးသိပ္ပံ) M.Pharm (Clinical Pharmacy)	(၃)နှစ်

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ဆေးဝါးသိပ္ပံဘွဲ့ (B.Pharm)ရရှိထားသူဖြစ်ရမည်၊

(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါအနည်းဆုံး လုပ်သက်(၁)နှစ် ပြည့်ပြီးသူ နိုင်ငံဝန်ထမ်းဖြစ်ရမည်၊

(ဃ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်၊

(င) ဆေးဝါးမဟာသိပ္ပံဘွဲ့ရရှိပြီးပါက အနည်းဆုံး(၅)နှစ် နိုင်ငံဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်၊

(စ) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့် တက်ရောက်နိုင်သူ ဖြစ်ရမည်၊

၃။ **လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြပါရှိရမည်-**

(က) အမည်၊နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လက်ရှိရာထူး/ဌာန ၊အမြဲတမ်းလိပ်စာနှင့် ဖုန်းနံပါတ်၊ ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ်၊

(ခ) အဘအမည်၊

(ဂ) နိုင်ငံဝန်ထမ်းအဖြစ် စတင်ထမ်းဆောင်သည့် နေ့ရက်/လ/ခုနှစ်နှင့် အမှုထမ်းသက်

(ဃ) အသက်နှင့် မွေးသက္ကရာဇ်၊(အသက်ထောက်ခံစာတင်ပြရမည်)

(င) ပညာအရည်အချင်း

(စ) တက်ရောက်လိုသည့်သင်တန်း(အတိအကျဖော်ပြရန်)

(ဆ) အမှုထမ်းသက်မှတ်တမ်းအပြည့်အစုံ(ခက်ခဲဒေသတွင်တာဝန်ထမ်းဆောင်ခဲ့ပါက ဌာနဆိုင်ရာထောက်ခံစာနှင့်အတူ တစ်ပါတည်း တင်ပြရမည်။)

(ဇ) ပြည်တွင်း/ပြည်ပဘွဲ့လွန်သင်တန်း တစ်ခုခုတက်ရောက်ရန် ရွေးချယ်ခံရဖူးခြင်းရှိ/မရှိဖော်ပြရန်။

၄။ **လျှောက်လွှာ နှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-**

(က) လျှောက်လွှာတွင်ဖော်ပြထားရှိသည့် အချက်အလက်များသည် မှန်ကန်မှုရှိပါကြောင်းကိုယ်တိုင်လက်မှတ်ရေးထိုးသော ခံဝန်ချက်၊

(ခ) ဆေးဝါးသိပ္ပံဘွဲ့လက်မှတ်(မိတ္တူ)နှင့် အမှတ်စာရင်း (Grading Certificate) (မိတ္တူ)၊

(ဂ) ဓါတ်ပုံ(၃)ပုံ(လိုင်စင်ဓါတ်ပုံ)၊

(ဃ) အသက်ထောက်ခံစာ(သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ)

(င) ဆေးဝါးတက္ကသိုလ်၊မန္တလေး၏မြန်မာ့စီးပွားရေးဘဏ်(၂)၊ မန္တလေးတွင်ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် (MD-013006) သို့ ဆေးဝါးမဟာသိပ္ပံသင်တန်းဝင်ခွင့် စာမေးပွဲကြေးကျပ်-၁၀၀၀/- (ကျပ်တစ်ထောင်တိတိ)ကို ပေးသွင်းထားသည့် ချလန်မူရင်း(၁)စောင်၊ (မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်(၂)၊မန္တလေးမြို့တွင်ဖွင့်လှစ်ထားသောဆေးဝါးတက္ကသိုလ်၊မန္တလေး၏ ငွေစာရင်းအမှတ် (MD-013006) သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်းပေးသွင်းနိုင်ပါသည်။)

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနဝန်ထမ်းဌာနအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ ကြိုတင်လျှောက်လွှာမိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ပါမောက္ခချုပ်၊ ဆေးဝါးတက္ကသိုလ်၊ မန္တလေးသို့ မပျက်မကွက် ပေးပို့လျှောက်ထားရမည်။

၇။ လျှောက်လွှာများကို ဆေးဝါးတက္ကသိုလ်၊မန္တလေးသို့ (၁၉.၈.၂၀၂၂)ရက်(သောကြာနေ့)နောက်ဆုံးထား၍ ပေးပို့ရမည်။ မပြည့်စုံသည့်လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို(၁၃.၉.၂၀၂၂)ရက် (အင်္ဂါနေ့)မှစ၍ ဆေးဝါးတက္ကသိုလ်၊ မန္တလေးကျောင်းသားရေးရာဌာနမှ ထုတ်ပေးမည်။

၉။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို (၃၀.၉.၂၀၂၂)ရက် (သောကြာနေ့) တွင် စာစစ်ဌာနဖြစ်သည့် ဆေးဝါးတက္ကသိုလ်၊မန္တလေးခွဲ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပ ပြုလုပ်မည်။

ဘာသာရပ်	စစ်ဆေးမည့်အချိန်	မေးခွန်းပုံစံ
ကျွမ်းကျင်ဘာသာရပ်	(၂) နာရီ	M.C.Q

မှတ်ချက်။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း (၁)နှစ်လျှင် (၂)ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲ(၂)နာရီ မေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်းတင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည် ဖြစ်သည်။

၁၀။ လူတွေ့/နှုတ်မေး စစ်ဆေးမည့်ရက်ကို လူတွေ့/နှုတ်မေး ဖြေဆိုခွင့်ရရှိသူစာရင်း ထုတ်ပြန်ကြေညာသည့်အခါတွင် ဖော်ပြပါမည်။

၁၁။ သင်တန်းတက်ရောက်ခွင့် ရရှိသူများသည် ဘွဲ့လွန်သင်တန်း စည်းမျဉ်းစည်းကမ်းများကို လိုက်နာမည်ဖြစ်ကြောင်းနှင့် ဘွဲ့လွန်သင်တန်းအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် မိမိ တာဝန်ကျရာမည်သည့်ဒေသတွင်မဆို ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိခံဝန်ချုပ် ချုပ်ဆိုရမည်ဖြစ်သည်။

၁၂။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ်၊ ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၃။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး၊ တက်ခွင့်ရစာရင်း ထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသော လျော်ကြေးငွေကိုပေးလျော်ရမည်။

၁၄။ သင်တန်းအလိုက် တက်ရောက်ခွင့်ပြုမည့် လျာထားဦးရေသတ်မှတ်ချက်ကို ဤတက္ကသိုလ် ၏ Website မှတစ်ဆင့် ကြေညာပါမည်။ လျာထားဦးရေ မည်မျှရှိစေကာမူ သတ်မှတ်အရည်အချင်းရမှတ်မပြည့်မီပါက ရွေးချယ်ခြင်းမပြုပါ။

၁၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးဝါးတက္ကသိုလ်၊ မန္တလေး ၏ Website-www.uopmdy.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) ဆေးဝါးတက္ကသိုလ်၊ မန္တလေး၏ (ဖုန်းနံပါတ်-၀၈၅-၄၀၁၃၄၊၀၈၅-၄၀၁၃၅၊၀၈၅-၄၀၂၄၄) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပါမောက္ခဒေါက်တာသိန်းမေစော
ပါမောက္ခချုပ်
ဆေးဝါးတက္ကသိုလ်၊မန္တလေး

စာအမှတ်- ၆၇၆ /ဆဝ/သက/ဘွဲ့လွန်ဝင်ခွင့်(၂၀၂၂)
ရက်စွဲ - ၂၀၂၂-ခုနှစ်၊ ဇွန် လ(၂၃)ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးဝါးတက္ကသိုလ်၊ မန္တလေး
မန္တလေးမြို့။

ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ ဇွန်လ၊ ၂၃ ရက်

၂၀၂၃ - ပညာသင်နှစ်
ဆေးဝါးသိပ္ပံပါရဂူဘွဲ့သင်တန်းများအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၃-ပညာသင်နှစ်အတွက် ဆေးဝါးတက္ကသိုလ်၊ မန္တလေး၌ ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ဆေးဝါးသိပ္ပံပါရဂူဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူနိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဆေးဝါးသိပ္ပံပါရဂူဘွဲ့သင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(က)	ဆေးဝါးသိပ္ပံပါရဂူဘွဲ့ (ဆေးဝါးဖော်စပ်ရေးဗေဒ) Ph.D (Pharmaceutics)	(၃)နှစ်
(ခ)	ဆေးဝါးသိပ္ပံပါရဂူဘွဲ့ (ဆေးလက်တွေ့ဆေးဝါးသိပ္ပံ) Ph.D (Clinical Pharmacy)	(၃)နှစ်
(ဂ)	ဆေးဝါးသိပ္ပံပါရဂူဘွဲ့ (ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒ) Ph.D (Pharmaceutical Chemistry)	(၃)နှစ်

၂။ လိုအပ်သောအရည်အချင်း

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ဆေးဝါးမဟာသိပ္ပံဘွဲ့ (M. Pharm) ရရှိထားသူ ဖြစ်ရမည်၊

(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် ဆေးဝါးမဟာသိပ္ပံဘွဲ့ရရှိပြီးနောက်ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်၊

(ဃ) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ဆေးဝါးသိပ္ပံပါရဂူဘွဲ့ သင်တန်းများသို့ လျှောက်ထားလိုပါက လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့် နေ့မှစ၍ ခွင့်ရက်မပါစုစုပေါင်း လုပ်သက် (၄)နှစ်ရှိသူဖြစ်ရမည်။

(င) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်၊

(စ) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်၊

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြပါရှိရမည်-

(က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊ လက်ရှိရာထူး/ဌာန ၊ အမြဲတမ်းလိပ်စာ နှင့် ဖုန်းနံပါတ်၊ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်၊

(ခ) အဘအမည်၊

(ဂ) နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်ထမ်းဆောင်သည့် နေ့ရက်/လ/ခုနှစ်နှင့် အမှုထမ်းသက်၊

(ဃ) အသက်နှင့် မွေးသက္ကရာဇ်၊(အသက်ထောက်ခံစာတင်ပြရမည်)

(ဂ) ပညာအရည်အချင်း

(စ) တက်ရောက်လိုသည့်သင်တန်း(အတိအကျဖော်ပြရန်)

(ဆ) အမှုထမ်းသက်မှတ်တမ်းအပြည့်အစုံ

(ဇ) ပြည်တွင်း/ပြည်ပဘွဲ့လွန်သင်တန်းတစ်ခုခုသို့ တက်ရောက်ရန် ရွေးချယ်ခံရဖူးခြင်း ရှိ/မရှိ ဖော်ပြရန်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) လျှောက်လွှာတွင်ဖော်ပြထားရှိသည့် အချက်အလက်များသည် မှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးသော ခံဝန်ချက်၊

(ခ) ဆေးဝါးမဟာသိပ္ပံဘွဲ့လက်မှတ်မိတ္တူနှင့် အမှတ်စာရင်း(Grading Certificate) (မိတ္တူ)၊

(ဂ) ဓါတ်ပုံ(၃)ပုံ(လိုင်စင်ဓါတ်ပုံ)၊

(ဃ) အသက်ထောက်ခံစာ(သို့မဟုတ်)တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ)

(င) ဆေးဝါးတက္ကသိုလ်၊ မန္တလေးဇ္ဈ မြန်မာ့စီးပွားရေးဘဏ်(၂)၊ မန္တလေးတွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် (MD-013006) သို့ ဆေးဝါးသိပ္ပံပါရဂူဘွဲ့သင်တန်း ဝင်ခွင့်စာမေးပွဲကြေး ကျပ်-၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို ပေးသွင်းထားသည့် ချုလန်မူရင်း(၁)စောင်၊

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် (၂)၊မန္တလေးမြို့တွင် ဆေးဝါးတက္ကသိုလ်၊ မန္တလေးဇ္ဈ ငွေစာရင်းအမှတ် (MD-013006) သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၅။ လျှောက်လွှာများကို သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာ ဌာနဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးဇ္ဈ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်း စဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချုလန်မူရင်းနှင့်တကွ ပါမောက္ခချုပ်၊ ဆေးဝါးတက္ကသိုလ်၊ မန္တလေး သို့ လိပ်မူ၍ **မပျက်မကွက်** ပေးပို့လျှောက်ထားရမည်။

၇။ လျှောက်လွှာများကို ဆေးဝါးတက္ကသိုလ်၊မန္တလေးသို့ (၁၉.၈.၂၀၂၂) ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့ရမည်။မပြည့်စုံသည့်လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက် ထက်နောက်ကျရောက်ရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို(၁၃.၉.၂၀၂၂)ရက်(အင်္ဂါနေ့)မှစ၍ ဆေးဝါးတက္ကသိုလ်၊ မန္တလေး ကျောင်းသားရေးရာဌာနဌ ထုတ်ပေးမည်။

၉။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို (၂၉.၉.၂၀၂၂)ရက် (ကြာသပတေးနေ့) တွင် စာစစ်ဌာနဖြစ်သည့် ဆေးဝါးတက္ကသိုလ်၊မန္တလေးခွဲ အောက်ဖော်ပြပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်-

ဘာသာရပ်	စစ်ဆေးမည့်အချိန်	မေးခွန်းပုံစံ
ကျွမ်းကျင်ဘာသာရပ်	(၃) နာရီ	Essay Type

မှတ်ချက်။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင်နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲ(၂)နာရီမေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်းတင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၁၀။ လူတွေ့/နှုတ်မေး စစ်ဆေးမည့်ရက်ကို လူတွေ့/နှုတ်မေး ဖြေဆိုခွင့်ရရှိသူစာရင်း ထုတ်ပြန်ကြေညာသည့်အခါတွင်ဖော်ပြပါမည်။

၁၁။ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် ဘွဲ့လွန်သင်တန်း စည်းမျဉ်းစည်းကမ်းများကို လိုက်နာမည်ဖြစ်ကြောင်းနှင့် ဘွဲ့လွန်သင်တန်းအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် မိမိတာဝန်ကျရာမည်သည့်ဒေသတွင်မဆို ဆက်လက် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိခံဝန်ချုပ် ချုပ်ဆိုရမည်ဖြစ်သည်။

၁၂။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ်၊ ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၃။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး၊ တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ ၊မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလအတိုင်းနိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသောလျော်ကြေးငွေကို ပေးလျော်ရမည်။

၁၄။ သင်တန်းအလိုက် တက်ရောက်ခွင့်ပြုမည့် လျာထားဦးရေသတ်မှတ်ချက်ကို ဤတက္ကသိုလ်၏ Website မှတစ်ဆင့် ကြေညာပါမည်။ **လျာထားဦးရေမည်မျှရှိစေကာမူ သတ်မှတ်အရည်အချင်းရမှတ်မပြည့်မီပါက ရွေးချယ်ခြင်းမပြုပါ။**

၁၅။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဆေးဝါးတက္ကသိုလ်၊ မန္တလေး ၏ Website-www.uopmdy.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) ဆေးဝါးတက္ကသိုလ်၊ မန္တလေး၏ (ဖုန်းနံပါတ်-၀၈၅-၄၀၁၃၄၊ ၀၈၅-၄၀၁၃၅၊ ၀၈၅-၄၀၂၄၄) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပါမောက္ခဒေါက်တာသိန်းမေစော
ပါမောက္ခချုပ်
ဆေးဝါးတက္ကသိုလ်၊မန္တလေး

စာအမှတ်- ဖရ၇ /ဆဝ/သက/ဘွဲ့လွန်ဝင်ခွင့်(၂၀၂၂)

ရက်စွဲ - ၂၀၂၂-ခုနှစ်၊ ဇွန် လ (၂၃)ရက်